တစ္စ ဩရမိဿတိ ဝိရမိဿတီတိ အနုကမ္ပါယ၊ နနဿိဿတိ ဝိဗ္ဗမိဿတီတိ ပါပဇ္ဇာသယေန = ထိုဒဏ်အမှုကိုလည်း နောင် ရှောင်လိမ့် ကြဉ်လိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် သူ့အပေါ် သနားကြင်နာသော စိတ်ဖြင့်သာ ပြုရမည်၊ ပျက်စီးလိမ့်မည်, လူထွက်လိမ့်မည်ဟု ယုတ်မာသော ရည်ရွယ်ချက် ဆန္ဒဖြင့် မပြုရ။

ဒဏ္ဍကမ္မံ ကရောမီတိ စ ဥဏှုပါသာဏော ဝါ နိပဇ္ဇာပေတုံ, ပါသာဏိဋ္ဌကာဒီနိ ဝါ သီသေ နိက္ခိပါပေတုံ, ဥဒကံ ဝါ ပဝေသေတုံ န ဝဋ္ဋတိ = ငါ ဒဏ်ပေးဘယ်ဆိုတဲ့ အနေမျိုးဖြင့် ကျောက်ဖျာအပူပေါ် အအိပ်ခိုင်းခြင်း, ကျောက် အုတ်ခဲ စသည်တို့ကို ဦးခေါင်းပေါ် ချထားစေခြင်း, ရေထဲနှစ်ခြင်း အမှုမျိုးကို မပြုရ။

**ရဟန်းများလည်း ဒဏ်ထမ်း။** ။ယထာ စ သာမဏေရာနံ၊ ဧဝံ သဒ္ဓိဝိဟာရိကန္တေဝါသိကာနံပိ ဒဏ္ဍကမ္မံ ကာတုံ ဝဋ္ဋတိ = သာမဏေများအား ဒဏ်ပေးထိုက်သကဲ့သို့, ထိုအတူ ဥပဇ္ဈာယ်ယူနေသော သဒ္ဓိဝိဟာရိကတပည့်, နိဿယည်းယူနေ, စာတက်နေ, ကမ္မဝါစာဖတ်ပေးရသော အန္တေဝါသိကတပည့်တို့အားလည်း ဒဏ်ပေးမှုကို ပြုနိုင်သည်။ [ဒဏ် ၁၀-ပါးတွင် သိက္ခာပုဒ် ၅-ပါးကို ရှေ့၌ ပြခဲ့ပြီ၊ "လာဘ်မရအောင် အားထုတ်ခြင်း" စသော နောက် ၅-ပါးလည်း ပြခဲ့သော အကျဉ်းမျှဖြင့် သိသာထင်ရှားပြီ။]

**မှတ်ချက်။** ။ပါဠိတော်၌ ၅-ပါး, အဋ္ဌကထာ၌ ဝိကာလဘောဇနစသော ၅-ပါး တိုက်ရိုက်လာသော